# ပြည်တွင်းရေကြောင်းသွားစက်မြင်းကောင်ရေ(၁၅၀)အထက် ကုန်တင်၊ ခရီးသည်တင် ရေယာဉ်ကြီးများနှင့် တွဲတွန်းတွဲဆွဲရေယာဉ်များ၏ ကနဦးမှတ်ပုံတင်လိုင်စင် လျှောက်ထားရယူမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ရေယာဉ်ပိုင်ရှင်မှ ရေယာဉ်ကြီးများနှင့်တွဲတွန်း၊ တွဲဆွဲရေယာဉ်များ၏ ကနဦး ရေယာဉ်မှတ်ပုံတင်လိုင်စင် လျှောက်ထားရာတွင် လိုအပ်သောစာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပထမအဆင့်ဆောင်ရွက်ချက်**

(က) တည်ဆောက်မည့်ရေယာဉ်ပုံစံ(Drawing)ပုံ ရေးဆွဲခြင်း။

( ခ) ရေယာဉ်ပုံစံအား တိုင်းဒေသကြီးရုံးမှတဆင့် ရုံးချုပ်သို့ အတည်ပြုချက် လျှောက်ထားရယူခြင်း။

**ဒုတိယအဆင့်ဆောင်ရွက်ချက်**

(ဂ) အတည်ပြုချက်ရရှိပါက ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်ကို ရုံးချုပ်သို့ အောက်ပါအချက်အလက်များဖြင့် လျှောက်ထားတင်ပြခြင်း။

(၁) ရေယာဉ်တည်ဆောက်မည့် လွှန်းကျင်းထောက်ခံချက် (ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြု လွှန်းကျင်းဖြစ်ရမည်)။

(၂) ရေယာဉ်တည်ဆောက်သူနှင့် ရေယာဉ်ပိုင်ရှင်တို့ချုပ်ဆိုသည့် စာချုပ် (မူရင်း)။

(ဃ) တိုင်းဒေသကြီးရုံးမှတဆင့် ရေယာဉ်အမည် အတည်ပြုချက်အား (ရုံးချုပ်) ရေကြောင်းလုပ်ငန်းဌာနခွဲသို့ လျှောက်ထားခြင်း။

**တတိယအဆင့်ဆောင်ရွက်ချက်**

( င) ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာလွှန်းကျင်းတွင် ရေယာဉ်တည်ဆောက်ခြင်း။

(စ) ရေယာဉ်တည်ဆောက်မှု ၅၀% ပြီးစီးပါက လွန်းကျင်းတင်(Dock Survey) အစစ်ဆေးခံယူရန် တိုင်းဒေသကြီးရုံးမှတဆင့် ရုံးချုပ်အင်ဂျင်နီယာဌာနခွဲသို့ အောက်ပါအချက်အလက်များဖြင့် လျှောက်လွှာတင်ပြခြင်း။

(၁) ပိုင်ရှင်၏ နိုင်ငံသားစိစစ်ကဒ်ပြားနှင့်သန်းခေါင်စာရင်းမိတ္တူ။

(၂) စက်အမျိုးအစား/ စက်ခဲခြစ်။

(ဆ) ရေယာဉ်တည်ဆောက်ပြီးစီးပါက ရေပေါ်(Float Survey)အစစ်ဆေးခံယူရန် ရုံးချုပ် အင်ဂျင်နီယာဌာနခွဲသို့ အောက်ပါအချက်အလက်များဖြင့် လျှောက်လွှာတင်ပြခြင်း။

(၁) ရေယာဉ်အုပ်အမည်၊ ကျွမ်းကျင်မှုလက်မှတ်နှင့် လုပ်သက်မှတ်တမ်းစာအုပ်။

(၂) စက်ခန်းအုပ်အမည်၊ ကျွမ်းကျင်မှုလက်မှတ်နှင့် လုပ်သက်မှတ်တမ်းစာအုပ်။

(၃) သင်္ဘောသား/ ဆီလောင်းလုပ်သက်မှတ်တမ်းစာအုပ်။

၂။ ရေယာဉ်ကြီးများနှင့်တွဲတန်း၊ တွဲဆွဲရေယာဉ်များ၏ ကနဦးရေယာဉ်မှတ်ပုံတင်လိုင်စင် လျှောက်ထားရာတွင် တိုင်းဒေသကြီးရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုင်ရှင်၏ လုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် လျှောက်လွှာနှင့် စာရွက်စာတမ်းအထောက်အထားများအား ရုံးချုပ် သက်ဆိုင်ရာဌာနခွဲသို့ ပေးပို့ဆောင်ရွက် ခြင်း။

(ခ) ရေယာဉ်အား(Dock Survey)နှင့် (Float Survey) အစစ်ဆေးခံယူရန် အတွက် ရုံးချုပ် ရေကြောင်းအင်ဂျင်နီယာဌာနခွဲနှင့် ချိတ်ဆက်ဆောင်ရွက် ပေးခြင်း။

(ဂ) ပိုင်ရှင်အားရေယာဉ်အတွက် သတ်မှတ်ထားသည့် လိုင်စင်ကြေးကျသင့်ငွေကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းဆောင်ရွက်စေခြင်း။

(ဃ) မြန်မာ့အာမခံလုပ်ငန်းတွင် ရေယာဉ်အတွက်သူတစ်ပါးထိခိုက်မှု အာမခံပရီမီယံ ကြေးပေးသွင်းစေခြင်း။

( င ) ရုံးချုပ်မှ လိုင်စင်အမှုတွဲပေးပို့လာပါက သက်တမ်းရှိ ရေယာဉ်လိုင်စင်မူရင်း အား ပိုင်ရှင်ထံသို့ အကြောင်းကြားထုတ်ပေး၍ ရေယာဉ်အမှုတွဲဖိုင်တွင် သိမ်းဆည်းဆောင်ရွက်ခြင်း။

၃။ ရေယာဉ်ကြီးများနှင့် တွဲတွန်း၊ တွဲဆွဲရေယာဉ်များ၏ ကနဦးရေယာဉ် မှတ်ပုံတင် လိုင်စင်လျှောက်ထားရာတွင် ရုံးချုပ်မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်ပါ သည်-

( က ) ရုံးချုပ်အင်ဂျင်နီယာဌာနခွဲ၊ ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှပိုင်ရှင်၏ လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ခြင်း။

( ခ ) တည်ဆောက်မည့်ရေယာဉ်ပုံစံ(Drawing)

( ဂ ) ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်ထုတ်ပြန်ပေးခြင်း။

(ဃ) ရေယာဉ်အားလွန်းကျင်းတင်း(Dock Survey)၊ ရေပေါ် (Float Survey) တိုင်းတာ စစ်ဆေးဆောင်ရွက်ခြင်း။

( င ) ခရီးသည်တင်ရေယာဉ်ဖြစ်ပါက Stability/ Inclination Test /Rolling period test/ စစ်ဆေးစမ်းသပ်ခြင်း။

( စ ) ရေယာဉ်အား တန်ချိန်နှင့်ခရီးသည်အရေအတွက် တွက်ချက်ပေးခြင်း။

(ဆ) ရုံးချုပ်ရေကြောင်း လုပ်ငန်းဌာနခွဲ ရေယာဉ်အမည်၊ နံပါတ်ထုတ်ပေး ဆောင်ရွက်ခြင်း။

(ဇ) ရေယာဉ်လိုင်စင်မူရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးရုံးသို့ ပေးပို့၍ ပိုင်ရှင်သို့ ထုတ်ပေးဆောင်ရွက်စေခြင်း။

(ဈ) သက်ဆိုင်ရာအခွန်ဦးစီးဌာနနှင့် ရေယာဉ်ပိုင်ရှင်တို့အား အခွန်ကိစ္စ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အကြောင်းကြား စာပေးပို့ဆောင်ရွက်ခြင်း။

၄။ ပြည်တွင်းရေကြောင်းသွားစက်မြင်းကောင်ရေ(၁၅၀)အထက်ကုန်တင်၊ ခရီးသည်တင်ရေယာဉ်ကြီးများနှင့် တွဲတန်းတွဲဆွဲရေယာဉ်များ၏ ကနဦးမှတ်ပုံတင်လိုင်စင်လျှောက်ထားရယူမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးရုံးမှ စဉ်ဆက်မပြတ်ကြီးကြပ်စိမံဆောင်ရွက်မည့် အပိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အတည်ပြု သတ်မှတ်ထားသည့်ရေယာဉ်ပုံစံနှင့်တည်ဆောက်သည့် ရေယာဉ်ပုံစံကွဲလွဲချက် တွေ့ရှိပါက အချိန်မှီ ပြင်ဆင်ဆောင်ရွက်စေခြင်း။

( ခ) ရေယာဉ်ခွင့်ပြုချက်မဲ့ တည်ဆောက်ပါက သတ်မှတ်ဒဏ်ကြေး ပေးသွင်းစေခြင်းနှင့် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီမံဆောင်ရွက်နိုင်ခြင်း။

( ဂ) လုပ်ထုံးလုပ်နည်းနှင့်အညီ ရေယာဉ်လိုင်စင်ဆောင်ရွက်ခြင်းမရှိဘဲ လိုင်စင်မဲ့ ခုတ်မောင်း ပြေးဆွဲနေသည့်ရေယာဉ်များအား စစ်ဆေးတွေ့ရှိပါက ပြည်တွင်းရေကြောင်းသွား ရေယာဉ် ဥပဒေပုဒ်မ– ၁၁(က)၄၃အရ သက်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် အတည်ပြုချက်ရယူ၍ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်း။

၅။ ပြည်တွင်းရေကြောင်းသွားစက်မြင်းကောင်ရေ(၁၅၀)အထက် ကုန်တင်၊ ခရီးသည်တင်ရေယာဉ်ကြီးများနှင့် တွဲတွန်းတွဲဆွဲရေယာဉ်များ၏သက်တမ်းတိုးမှတ်ပုံတင် လိုင်စင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရေယာဉ်အား တစ်နှစ်ပြအစစ်ဆေးခံယူခွင့်ပြုရန် အောက်ပါအချက်အလက်များဖြင့်တိုင်းဒေသကြီးရုံးသို့ လျှောက်လွှာတင်ပြရမည်–

(၁) ရေယာဉ်မှတ်ပုံတင်(မူရင်း)၊ သင်္ဘောသားစာရင်း။

(၂) အင်ဂျင်စက်ခဲခြစ်၊ စက်အမျိုးအစား။

(၃) ရေယာဉ်အုပ်/ စက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်နှင့် လုပ်သက်မှတ်တမ်းစာအုပ်။

(၄) သဘော်သား/ ဆီလောင်းလုပ်သက်မှတ်တမ်းစာအုပ်။

(၅) ရေယာဉ်အား လွှန်းကျင်တင်အစစ်ဆေးခံယူခြင်း(Dock Survey)နှင့် ရေပေါ်အစစ်ဆေးခံယူခြင်း(Float Survey)များ အစစ်ဆေးခံပြသခြင်း။

မှတ်ချက်။ ခရီးသည်တင်ရေယာဉ်ဖြစ်ပါက ၁နှစ်လျှင်(၁)ကြိမ်လွှန်းကျင်းတင် အစစ်ဆေးခံရန် လိုအပ်ပြီး၊ ကုန်တင်ရေယာဉ်ဖြစ်ပါက (၅)နှစ်လျှင် (၂)ကြိမ်သာလွှန်းကျင်းတင်(Dock Survey)ပြသရမည်ဖြစ်ပါသည်။

၆။ ကုန်တင်၊ ခရီးသည်တင်ရေယာဉ်ကြီးများနှင့် တွဲတွန်းတွဲဆွဲ ရေယာဉ်များ၏ သက်တမ်းတိုးမှတ် ပုံတင်လိုင်စင်လျှောက်ထားရာတွင် တိုင်းဒေသကြီးရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပိုင်ရှင်၏ လျှောက်လွှာနှင့် စာရွက်စာတမ်း အထောက်အထားများအား (ရုံးချုပ်) သို့ပေးပို့တင်ပြခြင်း။

(ခ) ရေယာဉ်အား(Douck Survey)(Float Surve) အစစ်ဆေးခံယူရန်အတွက် (ရုံးချုပ်)ရေကြောင်းအင်ဂျင်နီယာဌာနခွဲနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။

(ဂ) ရေယာဉ်ပိုင်ရှင်အား သတ်မှတ်ထားသော လိုင်စင်ကြေးကျသင့်ငွေများကို မြန်မာ့စီးပွားရေးဘဏ်သို့ ကိုယ်တိုင်ပေးသွင်းစေခြင်း။

(ဃ) ရေယာဉ်ပိုင်ရှင်အား မြန်မာ့အာမခံလုပ်ငန်းတွင်ရေယာဉ်အတွက် သူတစ်ပါးထိခိုက်မှု အာမခံ ပရီမီယံကြေးပေးသွင်းဆောင်ရွက်စေခြင်း။

(င) ရေယာဉ်ပိုင်ရှင်အားSurveyor မှ စိစစ်လက်မှတ်ရေးထိုးပြီး (၃)လသက်တမ်းရှိ(Temporary Limcence) အား ထုတ်ပေးဆောင်ရွက်ခြင်း။

(စ) ရုံးချုပ်မှပေးပို့သည့် ရေယာဉ်လိုင်စင်မူရင်းအား ပိုင်ရှင်ထံအကြောင်းကြား ထုတ်ပေး၍ လိုင်စင်မိတ္တူများအား ရေယာဉ်အမှုတွဲဖိုင်တွင် စနစ်တကျ သိမ်းဆည်းခြင်း။

၇။ ကုန်တင်၊ ခရီးသည်တင် ရေယာဉ်ကြီးများနှင့် တွဲတန်းတွဲဆွဲ ရေယာဉ်များ၏ သက်တမ်းတိုး မှတ်ပုံတင်လိုင်စင်လျှောက်ထားရာတွင် ရုံးချုပ်မှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုင်ရှင်၏လုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် လျှောက်လွှာနှင့် စာရွက်စာတမ်း အထောက် အထားများအား ရုံးချုပ်သက်ဆိုင်ရာဌာနခွဲသို့ ပေးပို့ဆောင်ရွက် ခြင်း။

(ခ) ရေယာဉ်အား(Dock Survey) လွှန်းကျင်းတင် စစ်ဆေးဆောင်ရွက်ပေးခြင်း။

(ဂ) ရေယာဉ်အား (Float Survey) ရေပေါ်တင် စစ်ဆေးဆောင်ရွက်ပေးခြင်း။

(ဃ) သက်တမ်းရှိ ရေယာဉ်လိုင်စင်အား တိုင်းဒေသကြီးရုံးမှတစ်ဆင့် ရေယာဉ် ပိုင်ရှင်သို့ ထုတ်ပေးဆောင်ရွက်ခြင်း။

(င) လိုင်စင်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမိတ္တူများကို အမှုတွဲထိန်းသိမ်း ထားနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးရုံးသို့ ပေးပို့ဆောင်ရွက်ခြင်း။

၈။ ပြည်တွင်းရေကြောင်းသွားစက်မြင်းကောင်ရေ(၁၅၀)အထက် ကုန်တင်၊ ခရီးသည်တင် ရေယာဉ်ကြီးများနှင့် တွဲတွန်းတွဲဆွဲရေယာဉ်များ၏ သက်တမ်းတိုးမှတ်ပုံတင်လိုင်စင် လျှောက်ထားရယူမှုနှင့် စပ်လျဉ်း၍ ပြည်နယ်ရုံးမှ စဉ်ဆက်မပြတ်ကြီးကြပ်စီမံဆောင်ရွက် မည့်အပိုင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်နယ်ရုံးမှ ရေယာဉ်လိုင်စင်သက်တမ်း မကုန်ဆုံးမှ(၂) လအလိုတွင် ရေယာဉ်သက်တမ်းတိုးရန် ပိုင်ရှင်ထံသို့ အကြောင်းကြားစာ ထုတ်ပြန်ဆောင် ရွက်ခြင်း။

(ခ) ရုံးချုပ်အင်ဂျင်နီယာဌာနခွဲမှ ရေယာဉ်သက်တမ်းကုန်ဆုံးပြီး သက်တမ်းတိုး လာရောက် ဆောင်ရွက်ခြင်းမရှိသော ခရီးသည်ရေယာဉ်များအား ခရီးစဉ်ပြေး ဆွဲခွင့်ပိတ်သိမ်းကြောင်း အကြောင်းကြားစာထုတ်ပြန်ခြင်း။

(ဂ) ရေယာဉ်အမျိုးအစားအားလုံး၏ သက်တမ်း(၃)နှစ်ထက် ကျော်လွန်သော ရေယာဉ်စာရင်းများအား ပြုစုပြီး(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးမှ တဆင့် ရေကြောင်းလုပ်ငန်းဌာနခွဲသို့ ရေယာဉ်မှတ်ပုံတင်စာရင်းမှ ဖျက်သိမ်း နိုင်ရန် တင်ပြခြင်း။

(ဃ) တိုင်းတာစစ်ဆေးရေးမှူးမှ ခရီးသည်တင်ရေယာဉ်အား နှစ်ပတ်လည်စစ်ဆေး သွားသည့် အခြေအနေအတိုင်း ရေယာဉ်ပိုင်ရှင်မှ လိုက်နာဆောင်ရွက်ထားရှိမှု ရှိ/မရှိ ဌာနတွင်းရေယာဉ် ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ လစဉ်စစ်ဆေးခြင်း။

( င) ရေယာဉ်အားသက်တမ်းရှိ အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မရှိဘဲခုတ်မောင်း ပြေးဆွဲခြင်းအား စိစစ်တွေ့ရှိပါက ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေပုဒ်မ ၁၁(က)/၄၃ အရ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်း။

၉။ ပြည်တွင်းရေကြောင်းသွား စက်မဲ့ဆီတင်/ ကုန်တင် တွဲရေယာဉ်ကြီးများ၏ ကနဦး မှတ်ပုံတင် လိုင်စင်လျှောက်ထားရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

**ပထမအဆင့်ဆောင်ရွက်ချက်**

(က) တည်ဆောက်မည့်တွဲရေယာဉ်ပုံစံ(Drawing)ရေးဆွဲခြင်း၊

( ခ) တွဲရေယာဉ်ပုံစံ (Drawing)အား တိုင်းဒေသကြီးရုံးမှတဆင့် ရုံးချုပ်သို့ အတည် ပြုချက် လျှောက်ထားရယူခြင်း။

ဒုတိယအဆင့်ဆောင်ရွက်ချက်

(ဂ) အတည်ပြုချက်ရရှိပါက အောက်ပါစာရွက်စာတမ်းများဖြင့် တွဲရေယာဉ် တည်ဆောက်ခွင့်ပြုမိန့် လျှောက်ထားတင်ပြခြင်း

(၁) တွဲရေယာဉ်တည်ဆောက်မည့်လွှန်းကျင်းထောက်ခံချက် (ရေကြောင်းဦးစီးဌာနမှ အသိအမှတ်ပြု လွှန်းကျင်းဖြစ်ရမည်)။

(၂) ရေယာဉ်တည်ဆောက်သူနှင့် တွဲရေယာဉ်ပိုင်ရှင်တို့ ချုပ်ဆိုသည့်စာချုပ် (မူရင်း)။

တတိယအဆင့်ဆောင်ရွက်ချက်

(ဃ) ရေယာဉ် တည်ဆောက်ခွင့်ပြုမိန့်ရရှိပါက သက်ဆိုင်ရာလွှန်းကျင်းတွင် တွဲရေယာဉ် တည်ဆောက်ခြင်း၊

(င) ရေယာဉ်တည်ဆောက်မှု(၅၀%)ပြီးစီးပါက အောက်ပါအချက်အလက်များဖြင့် ရေယာဉ် အား လွှန်းကျင်းတင် (Dock Survey)အစစ်ဆေးခံယူခွင့်ပြုရန် လျှောက်လွှာတင်ခြင်း၊

- ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် သန်းခေါင်စာရင်းမိတ္တူ၊

(စ) ရေယာဉ်တည်ဆောက်ပြီးစီးပါက ရေပေါ်(Float Survey) အစစ်ဆေးခံယူခွင့် ပြုရန် လျှောက်ထားတင်ပြခြင်း၊

-တွဲအုပ်၊ တွဲသားစာရင်း တင်ပြခြင်း၊

(ဆ) တွဲရေယာဉ် အမည်၊ နံပါတ်လျှောက်ထားခြင်း၊

၁၀။ စက်မဲ့ ဆီတင်/ကုန်တင်တွဲရေယာဉ်ကြီးများ၏ ကနဦးမှတ်ပုံတင်လိုင်စင်လျှောက်ထား ရာတွင် တိုင်းဒေသကြီးရုံးမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပိုင်ရှင်၏ လုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် လျှောက်လွှာနှင့် စာရွက်စာတမ်း အထောက် အထားများအား(ရုံးချုပ်)၊ သက်ဆိုင်ရာဌာနခွဲသို့ ပေးပို့ဆောင်ရွက် ခြင်း။

(ခ) တွဲရေယာဉ်အား လွှန်းကျင်းတင်စစ်ဆေးခြင်း၊ ရေပေါ်စစ်ဆေးခြင်းများ ခံယူရန်အတွက် (ရုံးချုပ်)ရေကြောင်း အင်ဂျင်နီယာဌာနခွဲနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း။

(ဂ) ရုံးချုပ်မှပေးပို့သည့် လိုင်စင်မူရင်းအားပိုင်ရှင်ထံ အကြောင်းကြားထုတ်ပေး၍၊ လိုင်စင် မိတ္တူကို ဌာန၏ရေယာဉ်အမှုတွဲဖိုင်တွင် သိမ်းဆည်းဆောင်ရွက်ခြင်း။

၁၁။ စက်မဲ့ဆီတင်/ကုန်တင်တွဲရေယာဉ်ကြီးများ၏ ကနဦးမှတ်ပုံတင်လိုင်စင် လျှောက်ထားရာတွင် ရုံးချုပ်မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) (ရုံးချုပ်)အင်ဂျင်နီယာဌာနခွဲ ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှ ပိုင်ရှင်၏ လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်ဆောင်ရွက်ခြင်း။

(ခ) တည်ဆောက်မည့်ရေယာဉ်ပုံစံ(Drawing)အား စစ်ဆေး/ ပြင်ဆင်/ အတည်ပြုပေးခြင်း။

(ဂ) တွဲရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်ထုတ်ပြန်ပေးခြင်း။

(ဃ) တွဲရေယာဉ်အား (Dock Survey)လွှန်းကျင်းတင်၊ တိုင်းတာစစ်ဆေးခြင်း။

(င) တွဲရေယာဉ်အား(Float Survey)ရေပေါ်တိုင်းတာစစ်ဆေးခြင်း။

(စ) တွဲရေယာဉ်အား(Gross Tonage)တန်ချိန်တွက်ချက်ဆောင်ရွက်ခြင်း။

(ဆ) တွဲရေယာဉ်အမည်၊ နံပါတ်ထုတ်ပေးဆောင်ရွက်ခြင်း။

(ဇ) တွဲရေယာဉ်အား ကျသင့်လိုင်စင်ကြေးကို ပိုင်ရှင်အား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းဆောင်ရွက်စေခြင်း။

(ဈ) ပိုင်ရှင်အား မြန်မာ့အာမခံလုပ်ငန်းတွင် ရေယာဉ်အတွက်(Premium)ကြေး ပေးသွင်းဆောင်ရွက်စေခြင်း။

(ည) ပိုင်ရှင်ထံမှ ငွေသွင်းဘဏ်ချလံတင်ပြီးမှသာ ရေယာဉ်လိုင်စင်မူရင်းများ ထုတ်ပေးဆောင်ရွက်ခြင်း။

(ဋ) ရေယာဉ်လိုင်စင်မိတ္တူကို သက်ဆိုင်ရာတိုင်းဒေသကြီးရုံးသို့ ပေးပို့ခြင်း။

(ဌ) သက်ဆိုင်ရာအခွန်ဦးစီးဌာနနှင့် ရေယာဉ်ပိုင်ရှင်တို့အား အခွန်ကိစ္စချိတ်ဆက်ဆောင်ရွက်နိုင်ရန် အခွန်အကြောင်းကြားစာ ပေးပို့ဆောင်ရွက်ပေးခြင်း။

၁၂။ ပြည်တွင်းရေကြောင်းသွားစက်မဲ့ ဆီတင်/ကုန်တင် တွဲရေယာဉ်ကြီးများ၏ ကနဦးမှတ်ပုံတင် လိုင်စင်လျှောက်ထားရယူမှုနှင့် စပ်လျဉ်း၍ တိုင်းဒေကြီးရုံးနှင့် ခရိုင်ရုံးများမှ စဉ်ဆက်မပြတ်ကြီးကြပ် စီမံဆောင်ရွက်မည့်အပိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အတည်ပြုသတ်မှတ်ထားသည့် ရေယာဉ်ပုံစံနှင့် တည်ဆောက်သည့် ရေယာဉ်ပုံစံကွဲလွဲချက်တွေ့ရှိပါက အချိန်မီ ပြင်ဆင်ဆောင်ရွက်စေရန်။

(ခ) ရေယာဉ်ခွင့်ပြုချက်မဲ့ တည်ဆောက်ပါက သတ်မှတ်ဒဏ်ကြေး ပေးသွင်းစေခြင်းနှင့် သတ်မှတ်ထားသည့် လုပ်ထုံးထုပ်နည်းနှင့်အညီ ဆက်လက်စီမံဆောင်ရွက်စေခြင်း။

(ဂ) စက်မဲ့ကုန်တင်တွဲမှ စက်မဲ့ဆီတင်တွဲသို့ ပြောင်းလဲဆောင်ရွက်သော ရေယာဉ်များအနေဖြင့် ရုံးချုပ်မှနောက်ဆုံး သတ်မှတ်ထားသည့် ကာလအတွင်း ပြောင်းလဲမှုမရှိသော ရေယာဉ်ပိုင်ရှင်များအား သက်ဆိုင်ရာမြို့နယ် ရစကမှ တဆင့် စောင့်ကြည့် အရေးယူဆောင်ရွက်ခြင်း။

(ဃ) စက်မဲ့ဆီတင်တွဲများတွင် စက်သုံးဆီအမျိုးမျိုးမှအပ အခြားကုန်စည်များ တင်ဆောင်ခြင်းကို တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ် ရထသ/ရစက များမှ တဆင့် စစ်ဆေးအရေးယူ ဆောင်ရွက်ခြင်း။

၁၃။ ပြည်တွင်းရေကြောင်းသွား စက်မဲ့ဆီတင်/ကုန်တင်တွဲရေယာဉ်ကြီးများ သက်တမ်းတိုးမှတ်ပုံတင် လိုင်စင်လျှောက်ထားရယူမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရေယာဉ်အား တစ်နှစ်ပြ အစစ်ဆေးခံယူခွင့်ပြုရန် အောက်ပါအချက်များဖြင့် လျှောက်လွှာတင်ပြရမည်-

(၁) မူလထုတ်ပေးထားသည့် လိုင်စင်ကြီး(မူရင်း)။

(၂) တွဲအုပ်/တွဲသားစာရင်း။

၁၄။ ပြည်တွင်းရေကြောင်းသွား စက်မဲ့ဆီတင်/ကုန်တင်တွဲရေယာဉ်ကြီးများ သက်တမ်းတိုး မှတ်ပုံ တင်လိုင်စင်လျှောက်ထားရာတွင် တိုင်းဒေသကြီးရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များမှာ အောက်ပါအတိုင်းအဖြစ်ပါသည်–

(က) ပိုင်ရှင်၏လျှောက်လွှာနှင့် စာရွက်စာတမ်းအထောက်အထားများအား(ရုံးချုပ်)သို့ ပေးပို့ တင်ပြခြင်း။

(ခ) ရေယာဉ် အစစ်အဆေးခံယူရန်အတွက်(ရုံးချုပ်) ရေကြောင်း အင်ဂျင်နီယာ ဌာနခွဲနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း။

(ဂ) ရုံးချုပ်မှပေးပို့သည့် တွဲရေယာဉ်လိုင်စင်မူရင်းအား ပိုင်ရှင်ထံအကြောင်းကြား ထုတ်ပေး၍ လိုင်စင်မိတ္တူများအား ရေယာဉ်အမှုတွဲ ဖိုင်တွင် စနစ်တကျ သိမ်းဆည်းရန်။

၁၅။ ပြည်တွင်းရေကြောင်းသွား စက်မဲ့ဆီတင်/ကုန်တင်တွဲရေယာဉ်ကြီးများ သက်တမ်းတိုး မှတ်ပုံတင်လိုင်စင်လျှောက်ထားရာတွင် ရုံးချုပ်မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်–

(က) ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှ ပိုင်ရှင်၏လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိစစ်ဆေးခြင်း။

(ခ) ရေယာဉ်အားကြွံခိုင်မှု ရှိ/မရှိ (Float Survey)ရေပေါ်တိုင်းတာစစ်ဆေးခြင်း။

(ဂ) ရေယာဉ်ပိုင်ရှင်အား လိုင်စင်ကြေးကျသင့်ငွေများကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေခြင်း။

(ဃ) ပိုင်ရှင်အား မြန်မာ့အာမခံလုပ်ငန်းတွင် သူတစ်ပါးထိခိုက်နစ်နာမှု အာမခံ ပရီမီယံကြေးပေးသွင်းဆောင်ရွက်စေခြင်း။

(င) ငွေသွင်းဘဏ်ချလံရရှိပြီးမှသာ သက်တမ်းရှိတွဲလိုင်စင်မူရင်းအား ပိုင်ရှင်ထံ တိုက်ရိုက်ထုတ်ပေးဆောင်ရွက်ခြင်း။

(စ) သက်ဆိုင်ရာတိုင်းဒေသကြီးရုံးသို့ တွဲလိုင်စင်မိတ္တူပေးပို့ခြင်း။

၁၆။ ပြည်တွင်းရေကြောင်းသွားစက်မြင်းအား (၂၀)အထက် (တိုင်းလိုင်စင်) ကုန်တင်၊ ခရီးသည်တင်ရေယာဉ်များ ကနဦးမှတ်ပုံတင် လိုင်စင်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ပထမအဆင့်ဆောင်ရွက်ချက်**

(က) ကနဦးရေယာဉ်အသစ် တည်ဆောက်ရာတွင် အောက်ပါစာရွက်စာတမ်းများနှင့် အတူ တည်ဆောက်ခွင့်ပြုမိန့် လျှောက်လွှာတင်ပြရမည်–

(၁) ရေယာဉ်အသစ်တည်ဆောက်ရန် ဝယ်ယူထားသည့် သံပြား၊ ဟင်ဂလန်၊ စက်ဝယ်ယူထားသည့် ဘောင်ချာများ။

(၂) ရေယာဉ်တည်ဆောက်မည့် လွန်းကျင်းထောက်ခံချက်။

(၃) ရေယာဉ်ပိုင်ရှင်နှင့်ရေယာဉ်တည်ဆောက်သူ(၂)ဦး၏ သဘောတူစာချုပ်။

**ဒုတိယအဆင့်ဆောင်ရွက်ချက်**

(ခ) ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်ရရှိ၍ ရေယာဉ်တည်ဆောက်ပြီးပါက ရေယာဉ် တိုင်းတာ စစ်ဆေးခံယူရန် အောက်ပါအချက်အလက်များနှင့်အတူ လျှောက်လွှာ တင်ပြရမည်–

(၁) ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့်သန်းခေါင်စာရင်းမိတ္တူ။

(၂) ပိုင်ရှင်၏ ဓါတ်ပုံ(၄)ပုံ (Pass Post size)

(၃) ရေယာဉ်၏ ရှေ့၊ နောက်၊ ဝဲ၊ ယာနှင့်အင်ဂျင်စက်တို့၏ ဓါတ်ပုံ(၂)စုံ။

(၄) အင်ဂျင်စက်ခဲခြစ်(၂)စုံ (အင်ဂျင် တစ်လုံးအတွက်)

(၅) ရေယာဉ်မောင်းနှင့် စက်မောင်းအဖြစ် ဆောင်ရွက်ရမည့်သူ၏ ဓါတ်ပုံ (၂)ပုံနှင့် မှတ်ပုံတင်မိတ္တူ။

(၆) ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရေယာဉ်အမှန်တကယ်ပိုင်ဆိုင်ကြောင်းထောက်ခံချက်။

(၇) စက်တပ်ရေယာဉ်အရောင်းအဝယ်စာချုပ်။

(၈) ရေယာဉ်အဟောင်းဖြစ်ပါကမြို့နယ်(သို့)တိုင်းရစက၏ ၂၀၁၅ ခုနှစ် မတိုင်မီ အချိန်ကတည်းက ခုတ်မောင်းပြေးဆွဲနေသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်။

မှတ်ချက်။

(၁) Speed Boat ရေယာဉ်ဖြစ်ပါက သက်ဆိုင်ရာကုမ္ပဏီမှ ရေယာဉ်ဝယ်ယူထားသည့် ဘောင်ချာတင်ပြရန်။

(၂) ရေယာဉ်အဟောင်းဖြစ်ပါက ဒုတိယအဆင့် ဆောင်ရွက်ချက်မှ စတင်၍ ရေယာဉ်မှတ်ပုံတင်လိုင်စင် လျှောက်ထားယူရန်။

၁၇။ မြင်းအား(၂၀)အထက် (တိုင်းလိုင်စင်)ကုန်တင်၊ ခရီးသည်တင်ရေယာဉ်များ ကနဦးမှတ်ပုံတင်လိုင်စင် လျှောက်ထားရာတွင် တိုင်းဒေသကြီးရုံးမှစိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ရေယာဉ်မှတ်ပုံတင်ဌာနစိတ်မှပိုင်ရှင်၏ လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်လက်ခံခြင်း။

(ခ) ရေယာဉ်အသစ်ဖြစ်ပါက တိုင်းဒေသကြီးရုံးမှတဆင့်ရုံးချုပ် (အောက်မြန်မာပြည်ဌာနခွဲ)သို့ ရေယာဉ်အသစ် တည်ဆောက်ခွင့်ပြုမိန့်ဆက်လက်တင်ပြခြင်း။

(ဂ) ရေယာဉ်တည်ဆောက်ခွင့်ပြုမိန့်ကျပ◌ါက ရေယာဉ်ပိုင်ရှင်ထံ အကြောင်းကြားထုတ်ပေးဆောင်ရွက်ခြင်း။

(ဃ) ကုန်တင်ရေယာဉ်ဖြစ်ပါက Inspector မှ တိုင်းတာစစ်ဆေး၍ ခရီးသည်တင်ရေယာဉ်ဖြစ်ပါက Serveyor Engineer မှ တိုင်းတာစစ်ဆေးကာ Vessel Inclination Test စမ်းသပ် စစ်ဆေးဆောင်ရွက်ခြင်း။

(င) ရေယာဉ်ကြံ့ခိုင်မှု၊ စက်ကြံ့ခိုင်မှုနှင့် Safety Equipment များ Navigation Light များ ပြည့်စုံမှု ရှိ/မရှိ ရေယာဉ်စစ်ဆေးသူမှ အသေးစိတ်စစ်ဆေး ဆောင်ရွက်ခြင်း။

(စ) ရေယာဉ်၏တင်ဆောင်နိုင်မည့် ကုန်တန်ချိန်(သို့)ခရီးသည် အရေအတွက်အား တိုင်းတာ တွက်ချက်ပေးခြင်း။

(ဆ) ရေယာဉ်အား ကိုင်တွယ်မောင်းနှင်မည့် ရေယာဉ်အုပ်/စက်ခန်းအုပ်တို့အား အချိန်ပိုင်း ကျွမ်းကျင်မှုသင်တန်းပို့ချဆောင်ရွက်ခြင်း။

(ဇ) လိုင်စင်ကဒ်ဖိုးကျသင့်ငွေများကို ပိုင်ရှင်အား မြန်မာ့စီးပွားရေးဘဏ်သို့ အပ်နှံ ပေးသွင်းစေခြင်း။

(ဈ) ငွေသွင်းဘဏ်ချလန်ရရှိပြီးမှသာ ရေယာဉ်မှတ်ပုံတင်လိုင်စင်၊ ခုတ်မောင်းသွား လာခွင့်လက်မှတ်နှင့် ရေယာဉ်အုပ်/ စက်ခန်းအုပ် ယာဉ်မောင်းလိုင်စင်မူရင်း များ ထုတ်ပေးဆောင်ရွက်ခြင်း။

(ည) မြန်မာ့အာမခံလုပ်ငန်းတွင် ရေယာဉ်ပိုင်ရှင်အား ရေယာဉ်အတွက် Premium ကြေးပေးသွင်း ဆောင်ရွက်စေခြင်း။

(ဋ) ရေယာဉ်လိုင်စင် Dublicate အမှုတွဲများအား ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) သက်ဆိုင်ရာဌာနသို့ ပေးပို့၍၊ လိုင်စင် Triplicate များအား ဌာန၏ ရေယာဉ်အမှုတွဲဖိုင်တွင် စနစ်တကျ သိမ်းဆည်း ဆောင်ရွက်ခြင်း။

(ဌ) သက်ဆိုင်ရာ အခွန်ဦးစီးဌာနရုံးနှင့် ရေယာဉ်ပိုင်ရှင်တို့အား အခွန်ချိတ်ဆက် ဆောင်ရွက်နိုင်ရေး အကြောင်းကြားစာ ပေးပို့ဆောင်ရွက်ခြင်း။

၁၈။ ပြည်တွင်းရေကြောင်းသွားစက်မြင်းကောင်ရေ(၂၀)အထက် (တိုင်းလိုင်စင်)ကုန်တင်၊ ခရီးသည်တင် ရေယာဉ်များကနဦးမှတ်ပုံတင် လိုင်စင်လျှောက်ထားရယူမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးရုံးနှင့် ခရိုင်ရုံးများမှ စဉ်ဆက်မပြတ် ကြီးကြပ်စံမံဆောင်ရွက်မည့်အပိုင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေယာဉ်စစ်ဆေးရေးမှူး(Surveyor)(သို့)ရေယာဉ်စစ်ဆေးရေးအရာရှိ (Inspector)မှ စနစ်တကျ တိုင်းတာစစ်ဆေးခံယူပြီးမှသာ မှတ်ပုံတင် လိုင်စင်ထုတ်ပေး ဆောင်ရွက်ခြင်း။

(ခ) ရေယာဉ်ခွင့်ပြုချက်မဲ့ တည်ဆောက်ပါက သတ်မှတ်ဒဏ်ကြေး ပေးသွင်းစေခြင်းနှင့် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စီမံ ဆောင်ရွက်စေခြင်း။

(ဂ) တိုင်းတာစစ်ဆေးရေးမှူးမှ ခရီးသည်တင်ရေယာဉ်များအား ကနဦးစစ်ဆေးသွားသည့် အခြေအနေအတိုင်း ရေယာဉ်ပိုင်ရှင်မှ လိုက်နာဆောင်ရွက်ထားရှိမှု ရှိ/မရှိ ဌာနတွင်း ရေယာဉ်ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ လစဉ်စစ်ဆေးခြင်း။

(ဃ) လုပ်ထုံးလုပ်နည်းနှင့်အညီ ရေယာဉ်လိုင်စင်ဆောင်ရွက်ခြင်းမရှိဘဲ လိုင်စင်မဲ့ ခုတ်မောင်းပြေးဆွဲနေသည့် ရေယာဉ်များအား စစ်ဆေးတွေ့ရှိပါက ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေပုဒ်မ ၁၁(က)၄၃ အရ သက်ဆိုင်ရာရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် အတည်ပြုချက်ရယူ၍ အရေးယူ ဆောင်ရွက်ခြင်း။

၁၉။ ပြည်တွင်းရေကြောင်းသွားစက်မြင်းအား (၂၀)အထက် (တိုင်းလိုင်စင်) ကုန်တင်/ ခရီးသည်တင်ရေယာဉ်များ သက်တမ်းတိုး မှတ်ပုံတင်လိုင်စင်လျှောက်ထားရယူမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက် ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုင်ရှင်၏လျှောက်လွှာ

(ခ) ပိုင်ရှင်၏ဓါတ်ပုံ(၄)ပုံ (Pass Post Size)

(ဂ) ရေယာဉ်၏ရှေ့/နောက်/ဝဲ/ယာနှင့်အင်ဂျင်စက်တို့၏ဓါတ်ပုံ(၁)ပုံ

(ဃ) အင်ဂျင်စက်ခဲခြစ်(၁)စုံ (အင်ဂျင်တစ်လုံးအတွက်)

(င) ရေယာဉ်မောင်းနှင့်စက်မောင်းအဖြစ် ဆောင်ရွက်မည့်သူများ၏ ဓါတ်ပုံ(၂)ပုံနှင့် မှတ်ပုံတင်မိတ္တူ

(စ) ရေယာဉ်လိုင်စင်နှင့်ယာဉ်မောင်းလိုင်မူရင်းများ

၂၀။ စက်မြင်းအား(၂၀)အထက် (တိုင်းလိုင်စင်) ကုန်တင်/ခရီးသည်တင်ရေယာဉ်များ သက်တမ်းတိုး မှတ်ပုံတင်လိုင်စင်လျှောက်ထားရယူမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးရုံးနှင့် ခရိုင်ရုံးများမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှ ပိုင်ရှင်၏လျှောက်လွှာနှင့်လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်လက်ခံပေးခြင်း။

(ခ) ရေယာဉ်လိုင်စင်မူရင်း အဟောင်းများအား ရေယာဉ်အမှုတွဲဖိုင်တွင် စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခြင်း။

(ဂ) ရေယာဉ်ကြံ့ခိုင်မှု၊ စက်ကြံ့ခိုင်မှုနှင့် Safety Equipment / Navigation Light များ ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးရေးအရာရှိ (Inspector)မှ အသေးစိတ် စစ်ဆေး ဆောင်ရွက်ပြီးမှသာ လိုင်စင်သက်တမ်းတိုး ဆောင်ရွက်ပေးခြင်း။

(ဃ) ပိုင်ရှင်အား လိုင်စင်သက်တမ်းတိုးဆောင်ရွက်ခြင်းအတွက် ကျသင့်ငွေများအား မြန်မာ့ စီးပွားရေးဘဏ်တွင် ပေးသွင်းစေခြင်း။

(င) ငွေသွင်းဘဏ်ချလန်ရရှိပြီးမှသာ သက်တမ်းရှိရေယာဉ် မှတ်ပုံတင်လိုင်စင် ခုတ်မောင်းသွားလာခွင့် လက်မှတ်နှင့် ရေယာဉ်အုပ်/ စက်ခန်းအုပ် ယာဉ်မောင်း လိုင်စင်မူရင်းအား ပိုင်ရှင်ထံ ထုတ်ပေးဆောင်ရွက်ခြင်း။

(စ) မြန်မာ့အာမခံလုပ်ငန်းတွင် ရေယာဉ်ပိုင်ရှင်အား ရေယာဉ်အတွက် Premium ကြေးပေးသွင်းဆောင်ရွက်စေခြင်း။

(ဆ) ရေယာဉ်လိုင်စင် Dublicate အမှုတွဲများအား ရညန(ရုံးချုပ်) သက်ဆိုင်ရာဌာန သို့ ပေးပို့၍ လိုင်စင် Triplicate များအား ဌာန၏ရေယာဉ်အမှုတွဲဖိုင်တွင် စနစ် တကျ သိမ်းဆည်းဆောင်ရွက်ခြင်း။

၂၁။ ငါးဖမ်းရေယာဉ်(ကမ်းနီး) စက်မြင်းကောင်ရေ(၂၀၀)အောက်၊ GT (၅၅)တန် အောက် ရေယာဉ်များ ကနဦးမှတ်ပုံတင်လိုင်စင်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ) ပိုင်ရှင်၏နိုင်ငံသားစီစစ်ရေးကဒ်ပြားနှင့်သန်းခေါင်စာရင်းမိတ္တူ

(ဂ) ပိုင်ရှင်၏ဓါတ်ပုံ(၂)ပုံ

(ဃ) အင်ဂျင်စက်ခဲခြစ်(၂)စောင်

(င) ပဲ့နှင်းမှူးပြုလုပ်မည့်သူ၏ဓါတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ

(စ) ရယာဉ်၏ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ အင်ဂျင်ဓါတ်ပုံ(၁)စုံ

(ဆ) ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ရေယာဉ်အမှန်တကယ်ပိုင်ဆိုင်ကြောင်း ထောက်ခံချက်

(ဇ) ငါးဖမ်းရေယာဉ်တည်ဆောက်သူနှင့်ပိုင်ရှင်တို့၏ နှစ်ဦးသဘောတူစာချုပ်

၂၂။ ငါးဖမ်းရေယာဉ်(ကမ်းနီး) စက်မြင်းကောင်ရေ(၂၀၀)အောက်၊ GT (၅၅)တန်အောက် ရေယာဉ်များ ကနဦးမှတ်ပုံတင်လိုင်စင် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ပြည်နယ်ရုံးနှင့်ခရိုင်ရုံးများမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှ ပိုင်ရှင်၏လျှောက်လွှာနှင့်လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်လက်ခံခြင်း။

(ခ ) ရေယာဉ်အား စစ်ဆေးရေးအရာရှိ(Surveyor)(သို့)(Inspector)မှ တိုင်းတာ စစ်ဆေးဆောင်ရွက်ခြင်း။

(ဂ ) ရေယာဉ်ကြံ့ခိုင်မှု၊ စက်ကြံ့ခိုင်မှုနှင့် Safety Equipment Navigation Light ပြည့်စုံမှု ရှိ/မရှိ ရေယာဉ်စစ်ဆေးသူမှ အသေးစိတ် စစ်ဆေးဆောင်ရွက်ခြင်း။

(ဃ) ရေယာဉ်၏လုံးပေါင်းတန်ချိန်တွက်ချက်ပေးခြင်း။

(င ) ပဲ့နှင်းမှူး ကျွမ်းကျင်မှု သင်တန်းပို့ချပေးခြင်း။

(စ ) လိုင်စင်ကျသင့်ငွေများကို ပိုင်ရှင်အားဘဏ်သို့ပေးသွင်းဆောင်ရွက်စေခြင်း။

(ဆ) ငွေသွင်းဘဏ်ချလန်ရရှိလာသည့်အခါ ပိုင်ရှင်ထံ လိုင်စင်မူရင်းများ ထုတ်ပေးဆောင်ရွက်ခြင်း။

(ဇ ) လိုင်စင်မိတ္တူများကို ဌာန၏ ရေယာဉ်အမှုတွဲဖိုင်တွင် စနစ်တကျသိမ်းဆည်းခြင်း။

(ဈ) မြန်မာ့အာမခံလုပ်ငန်းတွင် ပိုင်ရှင်အား ရေယာဉ်အတွက် (Premium)ကြေးပေးသွင်းဆောင်ရွက်စေခြင်း။

(ည) သက်ဆိုင်ရာအခွန်ဦးစီးဌာနနှင့် ရေယာဉ်ပိုင်ရှင်တို့အား ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အကြောင်းကြားစာပေးပို့ဆောင်ရွက်ခြင်း။

၂၃။ ငါးဖမ်းရေယာဉ်များ မှတ်ပုံတင်လိုင်စင်သက်တမ်းတိုးလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုင်ရှင်လျှောက်လွှာ

(ခ ) ရေယာဉ်လိုင်စင်မူရင်းများ

(ဂ ) အင်ဂျင်စက်ခဲခြစ်(၁)စုံ

(ဃ) ပွဲနှင်းမှူးလက်မှတ်မူရင်း

၂၄။ ငါးဖမ်းရေယာဉ်(ကမ်းနီး)စက်မြင်းကောင်ရေ(၂၀၀)အောက်၊ GT (၅၅)တန်အောက် ရေယာဉ်များသက်တမ်းတိုး မှတ်ပုံတင်လိုင်စင်လျှောက်ထားမှုနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးရုံးနှင့်ခရိုင်ရုံးခွဲများမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရေယာဉ်မှတ်ပုံတင်လိုင်စင်ဌာနစိတ်မှပိုင်ရှင်၏ လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှု ရှိ/မရှိ စိစစ်လက်ခံခြင်း။

(ခ ) ရေယာဉ်ကြံ့ခိုင်မှု၊ စက်ကြံ့ခိုင်မှုနှင့် Safety Equipment Navigation Light များပြည့်စုံမှု ရှိ/မရှိ ရေယာဉ်တိုင်းတာစစ်ဆေးရေးမှူး (Surveyor) ရေယာဉ်စစ်ဆေးရေးအရာရှိ (Inspector)မှ အသေးစိတ်စစ်ဆေးဆောင်ရွက်ခြင်း။

(ဂ ) လိုင်စင်သက်တမ်းတိုးကျသင့်ငွေများကို ပိုင်ရှင်အား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေခြင်း။

(ဃ) ငွေသွင်းချလံရှိလာသည့်အခါ လိုင်စင်တွင် သက်တမ်းတိုးခြင်း ဆောင်ရွက်၍ မူရင်းလိုင်စင် ထုတ်ပေးဆောင်ရွက်ခြင်း။

(င) လိုင်စင်မိတ္တူကို ဌာန၏ ရေယာဉ်အမှုတွဲဖိုင်တွင်စနစ်တကျသိမ်းဆည်းခြင်း။

(စ) မြန်မာ့အာမခံလုပ်ငန်းတွင် ပိုင်ရှင်အားရေယာဉ်အတွက် အာမခံကြေး ပေးသွင်းစေခြင်း။

၂၅။ ကမ်းရိုးတန်းသွားကုန်တင် (သံခွံ/သစ်သားခွံ)/ငါးဖမ်း(ကမ်းနီး/ကမ်းဝေး)ရေယာဉ်များ အား တိုင်းဒေသကြီးရုံးနှင့်ခရိုင်ရုံးများမှ ထွက်ခွာခွင့်ပြုရန် စစ်ဆေးခြင်းနှင့် ပုံမှန်စစ်ဆေး ကြပ်မတ်ဆောင်ရွက်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကမ်းရိုးတန်းသွားသင်္ဘောများ(သံခွံ)တန်(၅၀၀)အထက် ထွက်ခွာခွင့်ပြုခြင်း

(၁) ထွက်ခွာခွင့်ပြုရန် ပိုင်ရှင်/ကိုယ်စားလှယ်၏ သင်္ဘောထွက်ခွာခွင့်ပြုပါရန် လျှောက်လွှာတင်ပြရန်၊

(၂) တိုင်းတာစစ်ဆေးရေးမှူး (Surveyor)(သို့) (Inspector)များမှ ရေယာဉ် ကြံ့ခိုင်မှုနှင့်အောက်ပါစာရွက်စာတမ်းများအား စစ်ဆေးခြင်း၊

(កက) အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော ရေယာဉ်မှူး/ အင်ဂျင်နီယာမှူး ပါ /မပါ လက်မှတ်ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်း၊

( ခခ ) Certificate of Registry ရှိ/မရှိ စစ်ဆေးခြင်း၊

( ဂဂ ) Load Line Cerificate ရှိ/မရှိ၊ သက်တမ်းရှိ/မရှိ စစ်ဆေးခြင်း၊

(ဃဃ) L.S.A / Safety Equiment Certificate ရှိ/မရှိ သက်တမ်းရှိ/ မရှိ စစ်ဆေးခြင်း၊

( ငင)	ကုန်ပစ္စည်းများတင်ဆောင်ထားရှိမှု စနစ်တကျ ရှိ/မရှိ စစ်ဆေးခြင်း၊

( စစ)	Load Line နစ်မြုပ်အောင် ကုန်တင်ဆောင်မှု ပြု/မပြု စစ်ဆေးခြင်း၊

(ဆဆ)	သတ်မှတ်ထားသော ရေယာဉ်အမှုထမ်းများ ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်း၊

(၃) ရေယာဉ်ကြံ့ခိုင်မှုနှင့် စာရွက်စာတမ်းပြည့်စုံမှုရှိပါက Wireless Clearance Certificate ထုတ်ပေးခြင်း။

**( ၆) ကမ်းရိုးတန်းသွားကုန်တင်စက်လှေများ၊ ငါးဖမ်းရေယာဉ်များ (ကမ်းဝေး)များ ထွက်ခွာခြင်း (သစ်သားခွံ/တန်(၅၀၀)အောက်)**

(၁) ပိုင်ရှင်/ ကိုယ်စားလှယ်၏ ရေယာဉ်ထွက်ခွာခွင့်ပြုပါရန် လျှောက်လွှာ တင်ပြရန်၊

(၂) တိုင်းတာစစ်ဆေးရေးမှူး (Surveyor)(သို့)(Inspector) များမှ ရေယာဉ် ကြံ့ခိုင်မှုနှင့် အောက်ပါစာရွက်စာတမ်းများအား စစ်ဆေးခြင်း–

(ကက)	အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော ရေယာဉ်မှူး/အင်ဂျင်နီယာမှူး ပါ /မပါ လက်မှတ်ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးခြင်း၊

( ခခ)	ရေယာဉ်မှတ်ပုံတင်လက်မှတ်Certificate of Registry ရှိ/မရှိ စစ်ဆေးခြင်း၊

( ဂဂ)	Life Saving Appliance လက်မှတ်သက်တမ်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃဃ) သူတစ်ပါးထိခိုက်ခံမှုအာမခံ (ပရီမီယံ) သက်တမ်းရှိ/မရှိ စစ်ဆေးခြင်း၊

(၃) L.S.A လက်မှတ်သက်တမ်းကုန်ဆုံးနေပါက ရုံးချုပ်၊ရေကြောင်းဌာနခွဲ သို့ တိုင်းဒေသကြီးရုံး(သို့)ခရိုင်ရုံးများမှ တင်ပြခွင့်ပြုချက် တောင်းခံပြီး L.S.A စစ်ဆေး၍ ခရီးတစ်ခေါက် L.S.A (one Trip) ထွက်ခွာခွင့် ပြုခြင်း၊

(၄) L.S.A စစ်ဆေးခနှင့်သက်တမ်းလွန်ဒဏ်ကြေးများ ရုံးချုပ်၊ ရေကြောင်း ဌာနခွဲသို့ ပေးသွင်းစေခြင်း၊ ရေယာဉ်ထွက်ခွာခွင့် (Permitted)ပြုခြင်း။

(ဂ) **ရေယာဉ်ကြံ့ခိုင်မှုနှင့် အသက်ကယ်ပစ္စည်းများ စစ်ဆေးခြင်း(သစ်သားခွံ့-ကုန်လှေ/ ငါးလှေ) (ခရိုင်ဂရုံ)**

(၁) ပိုင်ရှင်(သို့)ကိုယ်စားလှယ် လျှောက်လွှာတင်ပြရန်နှင့် ရေယာဉ်နှင့်စာရွက် စာတမ်းများ စစ်ဆေးခြင်း၊

(ကက) ရေယာဉ်မှတ်ပုံတင်(Certificate of Registry) ရှိ/မရှိ စစ်ဆေးခြင်း၊

(ခခ) ရေယာဉ်မှတ်ပုံတင်လက်မှတ်ပါရေယာဉ်၏ အတိုင်းအတာ များနှင့်ကိုက်ညီမှုရှိ/မရှိ ရေယာဉ်အား တိုင်းတာစစ်ဆေးခြင်း၊

( ဂဂ ) အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော ပဲ့နင်းမှူး၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ် ပါ /မပါလက်မှတ် သက်တမ်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃဃ) ရေယာဉ်ပေါ်တွင် ဝန်ထမ်းများအတွက် လုံလောက်သော အသက်ကယ်ပစ္စည်းများ (Life Jacket,Life,Buoy,Fire Extinguisher)များ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးခြင်း၊

( ငင) ရေယာဉ်အာမခံကြေး ပေးသွင်းထားခြင်း ရှိ/မရှိစစ်ဆေးခြင်း၊

( စစ )          ရေယာဉ်အချက်ပြမီးများ၊ အချက်ပေးပစ္စည်းကိရိယာများ ပြည့်စုံစွာ တပ်ဆင်ထားခြင်း ရှိ/မရှိ၊ ပါ /မပါ စစ်ဆေးခြင်း၊

(ဆဆ)          ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

( ဇဇ )          ရေယာဉ်အင်ဂျင်စက်ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

(၂)     L.S.A Certificate ထုတ်ပေးခြင်း၊

၂၆။   ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်/ကုန်တင်ရေယာဉ်ကြီးများကို မောင်းနှင်း သည့် ရေယာဉ်အုပ်လက်မှတ်ဖြေဆိုခြင်း၊ ထုတ်ယူခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)  (ပထမတန်း/ဒုတိယတန်း/တတိယတန်း)ရေယာဉ်အုပ် လက်မှတ်ဖြေဆိုခြင်း၊ ထုတ်ယူခြင်း ဆောင်ရွက်ရာတွင် တင်ပြရမည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁)     မှတ်ပုံတင်မိတ္တူ(၁)စောင် (ဖြေဆိုရာတွင် တင်ပြရန်)

(၂)     သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ်မူရင်း (ဖြေဆိုရာတွင် တင်ပြရန်)

(၃)     ပတ်စပို့ဓါတ်ပုံ(၄)ပုံ (ဖြေဆိုရာတွင် တင်ပြရန်)

(၄)     ပိုင်ရှင်/ကိုယ်စားလှယ် လုပ်သက်ထောက်ခံချက်(ဖြေဆိုရာတွင်တင်ပြရန်)

(၅)     ရဲစခန်းထောက်ခံချက်(ဖြေဆိုရာတွင် တင်ပြရန်)

(၆)     ယာယီထုတ်ပေးသော အောင်လက်မှတ်မူရင်း (လက်မှတ်ထုတ်ယူရာတွင် တင်ပြရန်)

( ခ)  (ပထမတန်း/ဒုတိယတန်း/တတိယတန်း)ရေယာဉ်အုပ် လက်မှတ်ဖြေဆိုရာတွင် လိုအပ်သော အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁)     တတိယတန်း ရေယာဉ်အုပ်လက်မှတ်ဖြေဆိုရန်အတွက် သင်္ဘောသား စာအုပ်တွင် သင်္ဘောသား လုပ်သက်(၂)နှစ် ရှိရပါမည်။

(၂) ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ်ဖြေဆိုရန်အတွက် တတိယတန်း ရေယာဉ်အုပ်လက်မှတ်ဖြေဆိုရန်အတွက် တတိယတန်းရေယာဉ် လက်မှတ် ကိုင်ဆောင်၍ မြင်းကောင်ရေ(၈၀)အထက်ရှိသော ရေယာဉ်တွင် ရေယာဉ် အုပ် လုပ်သက်(၁)နှစ် ရှိရပါမည်။ သဘော်သားစာအုပ်တွင် သဘော်သား လုပ်သက်(၂)နှစ် ရှိရပါမည်။

(၃) ပထမတန်းရေယာဉ်အုပ် လက်မှတ်ဖြေဆိုရန်အတွက် ဒုတိယတန်း ရေယာဉ်အုပ် လက်မှတ်ကိုင်ဆောင်၍ မြင်းကောင်ရေ(၂၂၇)အထက်ရှိ သော ရေယာဉ်တွင် ရေယာဉ်အုပ်လုပ်သက်(၁)နှစ် ရှိရပါမည်။

၂၇။ ပြည်တွင်းရေကြောင်းသွားခရီးသည်တင်/ကုန်တင်ရေယာဉ်ကြီးများကိုမောင်းနှင်သည့် စက်ခန်းအုပ် လက်မှတ်ဖြေဆိုမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) (ပထမတန်း/ဒုတိယတန်း) စက်ခန်းအုပ်လက်မှတ်ဖြေဆိုရာတွင် တင်ပြရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) မှတ်ပုံတင်မိတ္တူ(၁)စောင်

(၂) ဆီလောင်းလုပ်သက်မှတ်တမ်းစာအုပ်မူရင်း

(၃) ပတ်စပို့ဓါတ်ပုံ(၄)ပုံ

(၄) ပိုင်ရှင်/ကိုယ်စားလှယ်လုပ်သက်ထောက်ခံချက်

(၅) ရဲစခန်းထောက်ခံချက်

(ခ) (ပထမတန်း/ဒုတိယတန်း)စက်ခန်းအုပ်လက်မှတ်ဖြေဆိုရာတွင် လိုအပ်သော အရည်အချင်း သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ဒုတိယစက်ခန်းအုပ် လက်မှတ်ဖြေဆိုရန်အတွက် သဘော်သားစာအုပ် တွင် ဆီလောင်း လုပ်သက်(၂)နှစ် ရှိရပါမည်။

(၂) ပထမတန်းစက်ခန်းအုပ် လက်မှတ်ဖြေဆိုရန်အတွက် ဒုတိယတန်းစက်ခန်းအုပ် လက်မှတ်ကိုင်ဆောင်၍ မြင်းကောင်ရေ(၂၂၇)အထက် ရှိသောရေယာဉ်တွင် ဒုတိယတန်းစက်ခန်းအုပ်အဆင့်ဖြင့် လုပ်သက်(၁) နှစ်ရှိရပါမည်။

၂၈။ ပြည်တွင်းရေကြောင်းသွားခရီးသည်တင်/ကုန်တင်ရေယာဉ်ကြီးများကိုမောင်းနှင်သည့်ရေယာဉ် အုပ်/စက်ခန်းအုပ်လက်မှတ်များဖြေဆိုရာတွင် တိုင်းဒေသကြီးရုံးမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လိုအပ်သောအချက်အလက်စာရွက်စာတမ်းများပြည့်စုံမှုရှိ/မရှိစိစစ်ခြင်း။

(ခ) သက်မှတ်သင်္ဘောသားလုပ်သက်မှတ်တမ်းများ ပြည့်မှီမှု ရှိ/မရှိ စိစစ်ခြင်း။

(ဂ) ကျွမ်းကျင်မှုသင်တန်းများပို့ချခြင်း။

(ဃ) ရေးဖြေ/နှုတ်ဖြေစာမေးပွဲများကျင်းပဆောင်ရွက်ခြင်း။

(င) ကျွမ်းကျင်မှု လက်မှတ်ခများနှင့် စာမေးပွဲကြေးများအား ဘဏ္ဍာသို့ပေးသွင်းဆောင်ရွက်ခြင်း။

(စ) ကျွမ်းကျင်မှုလက်မှတ်များထုတ်ပေးဆောင်ရွက်ခြင်း။

၂၉။ ရေယာဉ်အုပ်/ စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မှတ်ပုံတင်မိတ္တူ(၁)စောင်

(ခ) သက်တမ်းကုန်ဆုံးနေသောကျွမ်းကျင်မှု လက်မှတ်မူရင်း

(ဂ) ပတ်စပို့ဓါတ်ပုံ(၄)ပုံ

(ဃ) သန်းခေါင်စာရင်းမိတ္တူ(၁)စောင်

၃၀။ ပြည်တွင်းရေကြောင်းသွားခရီးသည်တင်/ ကုန်တင်ရေယာဉ်ကြီးများကို မောင်းနှင် သည့်ရေယာဉ်အုပ်/ စက်ခန်းအုပ်လက်မှတ်ဖြေဆိုရာတွင် တိုင်းဒေသကြီးရုံးမှ စစ်ဆေးကြပ်မတ်ဆောင်ရွက် ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါ သည်-

(က) ရေယာဉ်အုပ်/ စက်ခန်းအုပ်လက်မှတ်များသည် (၅)နှစ်သက်တမ်းဖြစ်သဖြင့် သက်တမ်းကျော်လွန်ပြီးမှ လက်မှတ်လာရောက်လဲလှယ်သော ရေယာဉ်အုပ်များ အား နှုတ်ဖြေစာမေးပွဲပြန်လည်ဖြေဆိုစေ၍ ဖြေဆိုအောင်မြင်မှသာ ဆက်လက် သက်တမ်းတိုး ထုတ်ပေးခြင်းနှင့် စက်ခန်းအုပ်လက်မှတ်များအား သက်တမ်း လွန်ဒဏ်ကြေး ပေးဆောင်ပြီးမှသာ ထုတ်ပေးဆောင်ရွက်ခြင်း၊

(ခ) မိမိကိုင်ဆောင်ရသည့် ကျွမ်းကျင်မှုလက်မှတ်နှင့် မလျော်ညီသော ရေယာဉ် အတန်းအစားကို မောင်းနှင်သည့် ရေယာဉ်အုပ်/ စက်ခန်းအုပ်များအား ပြည်တွင်း ရေကြောင်းသွားရေယာဉ်များ ဥပဒေ ပုဒ်မ ၂၂ အရ အရေးယူဆောင်ရွက်ခြင်း၊

(ဂ) လိုင်စင်တွင်ဖော်ပြထားသော ရေယာဉ်အုပ်/ စက်ခန်းအုပ်မကိုက်ညီပါက ဒဏ်ကြေးတပ်ရိုက်၍ ရေယာဉ်လိုင်စင်တွင် ပြန်လည်ပြင်ဆင်၍ ၎င်းသဘော်ာ သားလုပ်သက် မှတ်တမ်းတွင် အတက်အဆင်းညီအောင် ပြန်လည်ဖြည့်သွင်း ဆောင်ရွက်ပေးခြင်း၊